
ပိပိ
ဝမ်းတွင်းပါ စုန်းမလေ

# (၁)

ရွာထိပ် ... လှည်းအဝင်လမ်း သဲချောင်း နံဘေးက စီကာရီကာ သွယ်တန်းလျက်ရှိသော မယ်ဇယ်ပင်တန်းကြီး အောက်တွင် ကလေး ငယ်တစ်သိုက် စုရုံး ဆော့ကစားရင်း ငြင်းခုံနေကြသည် မှာ ကျွက်ကျွက် စီညံလို့ နေလေ၏။

"အစ်မ မိရှိုရှင် ... ထင်များက လူကြီးဖြစ်ပြီး အရမ်းအငြင်းသန်တယ် ဂျ အဲ့ကြောင့် ကျုပ်တို့ က ထင်များ ပါရင် မကဂျားချင်ဘူး"

သံချောင်းဆိုသော ၁၀ နှစ်သားခန့် ကလေးငယ်က နှပ်ချေးတရှုံ့ရှုံ့ လုပ်ရင်း မိချိုချဉ်အား မကျေမနပ် လှမ်းပြောသည် ။

သံချောင်းကား မွေးရာပါ နှုတ်ခမ်းကွဲနှင့် စကားမပီချေ။ ကျန်သော ကလေးငယ်များမှာ ၁၀/ ၁၁နှစ် အရွယ်များ ဖြစ်ကြသည် ။

၎င်းတို့ သည် ရွာထိပ် စားကျက်တွင် ဆိတ်ကျောင်းနွားကျောင်းပြန် လာရင်း မယ်ဇယ်စေ့တောက်တမ်း ကစားနေကြခြင်း ဖြစ်လေ၏။

သံချောင်း အပြစ်တင်စကား ပြောခံရသော မိချိုချဉ်ဟူသော ၁၈နှစ် အရွယ်ခန့် မိန်းကလေး၏ စွာတာတာ အသံလေး ထွက်လာ၏။

"အမယ် ... မသာလေး ... ငါက ဘာငြင်းလို့ လဲ။ နင်တို့ မနိုင်တိုင်း ငါ့ကို အငြင်းသန်သလေး ဘာလေးနဲ့ ငါ ထိပ်ခေါက်ထည့်လိုက်ရ ..."

"ခွပ် ... ဒေါက်"

သံချောင်း ထိပ်ပူထူ သွားသည် ။ ခေါက်လိုက်ရဟု သာ ပြောသည် ။ စိတ်မြန်သော မိချိုချဉ်၏ လက်ခေါက်က သံချောင်း၏ ခေါင်းနှင့် မိတ်ဆက်ပြီး ဖြစ်နေ၏။

သံချောင်း သူ၏ ခေါင်းကို ပွတ်ကာ မျက်နှာမဲ့ရှုံ့ သွားလေသည် ။ သို့ပေမဲ့ ထပ်ပြီး စောဒက မတက်ရဲတော့။ ဆက်ပြောရင် အမမိချိုချဉ်၏ ဒူးဖြင့် သူ့မျက်နှာ အတိုက်ခံရမည်ကို သိနေ၏။

မိချိုချဉ် ဟူသော သနပ်ခါးဘဲကြားနှင့် ၁၈နှစ်ခန့် အပျိုမက သံချောင်း၏ ရှေ့က မယ်ဇယ်စေ့ပုံကို ကျုံးယူလိုက်ပြီ ဖြစ်၏။

သံချောင်းက ...

"တော်ပြီဂျာ ... ကျုပ် နွားသိမ်းပြီး ကျန်တော့မယ်နောက်ကျရင် အဘက ရိုက်ဦးမယ်။ ညကျမှ အစ်မမိရှုံရှင်တို့ အိမ်ဝိုင်းဘက် လာပြီး သရက်သီး သကြားရေစိမ် လာချားမယ်။ ... သွားပြီဗျို့"

သံချောင်း ထွက်သွားသည် နှင့် ကျန်ကလေးငယ်များ ပါ အသီးသီး အသက လူစုခွဲကာ ရွာအဝင်လမ်းဆီသို့ ဖုန်တထောင်းထောင်း ထအောင် ပြေးလွှား သွားကြလေသည် ။

အဘ၏ ရှပ်အင်္ကျီ ဖားဖားကြီးနှင့် ထဘီစွန်တောင်စွဲ ခပ်တိုတိုဝတ်ထားသော မိချိုချဉ်သည် သူ၏ ပခုံးစလွယ်သိုင်းထားသော လွယ်အိတ်ထဲကို အနိုင်ရထားသည့် မယ်ဇယ်စေ့တို့ အား လက်ခုပ်ဖြင့် သိမ်းကျုံးထည့်လေ၏။

ပြီးတော့ ခပ်လှမ်းလှမ်းမှာ လွှတ်ကျောင်းထားသည် နွားကြီးညိုကို ရှာဖွေပြီး ပြန်ရန် ထလာခဲ့သည် ။

"ဟင် ညို ဘယ်ရောက်သွားလဲဟ ... အယ် ... နောက်ကျနေပါတယ်ဆိုမှ ဟောဒီ ညိုကတော့ ဘယ်သွား ဝတ်ကြီးကျနေလဲ မသိပါဘူးနော် ..."

မိချိုချဉ် ဆတ်တောက် ဆတ်တောက်နဲ့ သူ၏ နွားကြီးညိုကို ရှာရန်ရွာထိပ်က ... တောင်ပူစာငယ်ပေါ်သို့ တက်လာခဲ့သည် ။

အချိန်ကား ညနေဝင်တရီရောအချိန်။ တောင်ပူစာနံဘေးက ချုံနွယ်တွေကြား ဖြဲရဲ ရှာဖွေသည် ။ ညိုကား အရွက်နုလေးတွေ သိပ်ကြိုက်တတ်မှန်း မိချိုချဉ် သိထား၏။

အမှောင်သည် တဖြည်းဖြည်း လူမသိသူမသိ ဝင် လာပြီ ဖြစ်၏။

မိချိုချဉ် ... ညိုကိုရှာဖွေရင်း လူ့တစ်ရပ်ကျော် မြင့်မားသည့် စိန်နပန်ချုံကြီး အနီးသို့ ရောက်လာသောအခါ တပျပ်ပျပ်နဲ့ အစာစားနေသောအသံကို ကြားလိုက်ရသည် ။

"ပျပ် ... ပျပ် ... ပလပ် ... ပလပ်"

မိချိုချဉ် ... ပျော်သွား၏။ နွားညိုက ဒီချုံကြားဝင်ပြီး အစာစားနေသည် ဟု သူမ ထင်လိုက်ပြီး ချုံထဲကို သူမ ချောင်းကြည့်လိုက်ရာ ... ချုံထဲတွင် သဏ္ဍာန်မကွဲပြားသော မည်းမည်းကြီး တစ်ကောင်သည် ယုန်တစ်ကောင်အား လက်နှစ်ဖက်ဖြင့် ကိုင်၍ ဗိုက်ဖောက်စား နေလေ၏။

ထိုမည်းမည်းကြီးမှာ သရဲတစ္ဆေ တစ်ကောင်သာ ဖြစ်မည်။

ပါးစောင်တွင် သွေးများ ပေကျံနေပြီးအူများ သည် ၎င်း၏ ပါးစပ်တွင် ဝါးလျက် တန်းလန်းကြီး အမျှင်များ ထွက်ကျနေသည် မှာ မြင်ရသူအတွက် မသတီစရာပေ။

မိချိုချဉ် ... ခြေလှမ်းတို့ ချုံအနီးမှ ခွာကာ အနောက်သို့လှည့်ရန် ပြင်

လိုက်သည် ။

သို့သော် သူမ၏ ခြေတစ်ဖက်သည် သစ်ကိုင်းခြောက် တစ်ခုကို တက်နင်းမိသွား၏။

"ဖျောက်ဂျွတ်"

သွေးသံတရဲရဲဖြင့် အစာစားနေသော သရဲသည် အသံကြားရာသို့ ခေါင်းငဲ့ကြည့်လိုက်သည် ။ မိချိုချဉ်ရင်ထိတ်သွားသည် ။

သူမကို သရဲမက မြင်သွားလေပြီ ဖြစ်၏။ အမှောင်မှာ လင်းကွင်း လောက် ကြီးမားသော မျက်လုံးနီရဲရဲကြီးသည် ထိတ်လန့် ချောက်ချားဖွယ် ကောင်းလွန်းနေ၏။

မိချိုချဉ် ထိုနေရာမှ နောက်ပြန် မကြည့် အလျင်အမြန် ပြေးလေ တော့သည် ။

မိချိုချဉ် အလွန် အပြေးမြန်သူ ဖြစ်သည် ။

သို့သော် သူမ၏ စိတ်အထင်မှာ သူမ၏ နောက်မှ ခြေသံတဖျပ်ဖျပ် နှင့် ထက်ကြပ်မကွာ လိုက်ပါလာသံ ကြားရသည် ဟု လည်း ထင်မိ၏။

တောင်ပူစာလေးအောက် ရောက်သည့်အခါ မိချိုချဉ် နောက်သို့ လှည့်ကြည့်လိုက်သည် ဘာကိုမျှ မမြင်တွေ့ရ။ သူမ မြေပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည် ။

ပြေးလွှားခဲ့ရ၍ သူမ မောဟိုက်လွန်းစွာ ရင်တို့ အဆမတန် တုန် ဟည်းနေသည် ။ နဖူးနှင့် နားသယ်စတို့ တွင် ချွေးသီးနေပြီး ရေငတ်နေ သည် ။

လွယ်အိတ်ထဲမှ ပလတ်စတစ် ရေသန့်ဘူးဟောင်းကို ထုတ်၍

အငမ်းမရ မော့ချလိုက်သည် ။

အသက်ပြင်းစွာ ရှူနေရသော အချိန်တွင် ရေကို ဖွတ်မော့ချသဖြင့် ရေသီးသွားကာ နှာခေါင်းနှင့် ပါးစပ်မှ ရေတို့ ပြန်ခုန်ထွက်လာသည် ။

"အဟွတ် ... ဟွတ် ... ဂလု"

သူမ၏ အဖြစ်အပျက်မှာ လွန်စွာ ရယ်မောစရာ ကောင်းနေဟန် တူသည် ။ ရယ်သံ လွင်လွင်လေး သူမ၏ အနောက်မှ ထွက်လာ၏။

"ခစ်ခစ် ... ခစ်ခစ် ..."

"ဟင် ..."

ကျောရိုးတစ်လျှောက် ချမ်းစိမ့်သွား၏။

မိချိုချဉ် ... မရဲတရဲလေး အနောက်သို့လှည့်ကာ ခါးစောင်း၍ ကြည့်လိုက်သည် ။

"အွန် ... ဘယ်သူမှ လည်း မရှိပါဘူး ငါပဲ အကြား လွဲသလားမသိ ..."

ဟူးခနဲ သက်ပြင်း မှုတ်ထုတ်ကာ မိချိုချဉ် ကိုယ်ကို ပြန်လှည့်လိုက်၏။ ထိုအခါမှ ...

"အောင်မယ်လေး ... အမေရေ့"

သူမ ပြန်လှည့်လိုက်မှ ပဲသူမရှေ့တည့်တည့် အသက်ရှူသံ ကြားလောက်အောင် နီးကပ်စွာ ငုတ်တုတ်ထိုင်နေသော မည်းမည်းကြီးကို တွေ့လိုက်ရ၍ ... ဖင်တရွတ်တွန်းကာ နောက်သို့ အလျင်အမြန် ဆုတ်သွားမိသည် ။

သူမက နောက်ဆုတ်၏။ ထိုမည်းမည်းကြီးကလည်း သူမ ခြေထောက်နောက်သို့ အရိပ်သဖွယ် ကပ်လိုက်လာ၏။

ချိုချဉ်မ ဘာလုပ်ရမလဲ မသိတော့။

ဒါနဲ့ သူမ၏ လွယ်အိတ်ထဲမှ ... လောက်လေးခွကို ထုတ်၍ မည်း မည်းကြီးကို ချိန်ရွယ်လိုက်၏။

လက်က တုန်ရီနေ၍ ထင်သည် ။ လောက်စာအိမ်ထဲမှ လောက်စာ လုံးသည် အောက်သို့ လွတ်ကျ သွားလေသည် ။

"ကတောက် ... တောက်"

လောက်စာလုံးသည် မည်းမည်းကြီးရှိရာ နိမ့်ကျရာဘက်သို့ လိမ့်လာ ရာ ... မည်းမည်းကြီးသည် ... သူ့ထံလိမ့်လာတဲ့ ... လောက်စာလုံးကို ဘာဟု ထင်နေသည် မသိ။ ကောက်ကိုင်လိုက်ပြီး နမ်းကြည့်သည် ။

"ဂူး ... ဂူး ... အူး ..."

မည်းမည်းကြီးထံမှ မပီမသသော အသံထွက် လာပြီးထိုလောက်စာ လုံးကို စားစရာဟု ထင်မှတ်ကာ ဝါးစားလိုက်သည် ။

"ဂွပ် ... ကျလိ ... ကျလိ ... ကျိ"

"အားဂူး ... ဖြီး ..."

မည်းမည်းကြီးသည် လောက်စာလုံးကို ဝါးစားပြီးမျက်နှာကြီး မဲ့ရှုံ့ သွား၏။ ချက်ချင်းပဲ ပါးစပ်ထဲမှ ဝါးပြီးစ လောက်စာလုံး အကြေကို ဖွီးခ နဲ့ ထွေးထုတ်လိုက်၏။

ချိုချဉ်မ တခွိခွိနဲ့ ရယ်လိုက်သည် ။ မရယ်ပဲလားလေသူမတွေ့နေရ တာက သရဲတော့သရဲသို့ပေမဲ့ အငတ်သရဲလေ။ သူမသည် ... လွယ်အိတ် ထဲကို အစုံရောပြွမ်း ထည့်လေ့ရှိ၏။ မနက်က လယ်ကွက်ကို အရေစုတ် ကာ အကောင်လိုက် ဆီပါးပါးနဲ့ လိမ့်ကြော်ကာ ထည့်လာခြင်းပင်။

လယ်ကြွက်က အဆီတွေက လောက်စာလုံးတွေထံ စွန်းဖိတ်ကုန်ပုံရသည် ။ လောက်စာလုံးတွင် လယ်ကြွက်ကြော်ရနံ့မွှေးက ပျံ့ကုန်၏။

သရဲမက လောက်စာလုံးကို မစူးစမ်းပဲ ငတ်ကြီးကျကာ ဝါးစားမိခြင်း ဖြစ်လေ၏။

သရဲမက မကျေမနပ်နှင့် မိချိုချဉ်ကို စူးစိုက်ကြည့်ပြီး ...

"နင် ... က ... ဘာ ... လို့ ... ရယ် ... တာ ... လဲ ..."

မိချိုချဉ် မျက်မှောင်ကြုတ်ကာ ...

"ဟင် ... ဒီအသံ ကြားဖူးပါတယ် ခင်ဗျား ... ဘယ်သူလဲ ..."

"ငါ ... နတ်ကတော်အေးမိ ရယ်လေဟယ်နင်တို့ ... ငါ နတ်တင်တဲ့ မုန့်ဆီကြော်တို့ ဘဲဥတို့ လာပြီး ငတ်ကြီးကျနေတဲ့ ရွာဖျားက ... နတ်ကတော် အေးမိပေါ့ဟဲ့"

"ဟင် ... ဒေါ်အေးမိကြီးလား ... ဒေါ်အေးမိကြီးက ... သရဲဖြစ်နေတာပေါ့"

"ဟုတ်ပ့ါ ... ငါ လူ့ဘဝတုန်းက ရွာထဲက လူတွေကို နတ်တွေနဲ့ ခြောက်စားလှန့်စား လုပ်ခဲ့တာ ... အခု မကျွတ်မလွတ်ပဲ ဒီဘဝ ရောက်နေတာပေါ့ ..."

"ဖြစ်ရလေ ... ဒေါ်အေးမိရယ်"

"ချိုချဉ်မ ... ဒေါ်အေးမိကို ကယ်ပါဦးကွယ်ဒေါ်အေးမိမှာ ... နေစရာလည်း မရှိ/ စားစရာလည်း နတ္ထိနဲ့ ဟိုရကျွဲစိုးက နှင်ထုတ်လိုက်သည် ရွာစောင့်နတ်က ရိုက်လွှတ်လိုက်နဲ့ ... ဟိုချုံတိုးဝင်ဒီချုံတိုးဝင် နေနေရတယ်ဒေါ်အေးမိကို နေစရာ/စားစရာလေးရအောင် ကူညီပါလား ..."

"အာ ... ဒေါ်အေးမိကလည်း ကျုပ်က ကလေးပဲဗျ ... ဘာလုပ်တတ်မှာ မို့လဲ"

သရဲမဒေါ်အေးမိက မိချိုချဉ်၏ ခန္ဓာကိုယ်ကို အပေါ်အောက် စုန်ဆန်အောင် ကြည့်ရင်း ...

"ဟွမ်း ... ဘာကလေးလဲ ကျုပ် ... ညည်းအရွယ်ကဆို လင်ရပြီးပြီ၁၈ နှစ်ဆိုတာ လင်ယူသားမွေးတဲ့ အရွယ်အေ့"

ခပ်ကြမ်းကြမ်း နှုတ်ထွက်စကား ပြောတတ်သော နတ်ကတော် သရဲမ ဒေါ်အေးမိစကားကြောင့် မိချိုချဉ် အရှက်သည်း သွားဟန်ဖြင့် ...

"ဒေါ်အေးမိနော် ... ကျုပ်ကို ဘာတွေ လာပြောနေတာလဲ တော်ပြီ ... တော်ပြီ မကူညီတော့ဘူး ကျုပ် ရွာပြန်တော့မယ်"

ဒေါ်အေးမိက ထီမထင်သလို ပြုံးလိုက်ရင်း

"ပြန်လေ ... ပြန်ပေ့ါနင် ... နွားညိုမပါပဲ ပြန်လို့ ကတော့ နင့်အဘက နင့်အသတ်ပဲလေ ..."

"ဟင် ဟုတ်သားပဲ ဒေါ်အေးမိ ... ကျုပ် နွားညိုကို တွေ့မိလား ဘယ်နားမှာ လဲ ... မြန်မြန်ပြောပါဗျ"

"တဗျဗျနဲ့ ... နားကြားပြင်းကတ် လိုက်တာအေ ညည်းကိုယ်ညည်း မိန်းကလေးဆိုတာ သတိလေးချပ်ပါဦး ... ချိုချဉ်မရဲ့ ။ နင့်နွားကို ငါ ကူရှာပေးမယ်လေ ညည်းကလည်း ... ငါ့ကို ပြန်ကူညီပေ့ါ ဘယ်လိုလည်း ... သဘောတူလား"

"အာ ... ကျုပ်က ဒီလိုပဲ ပြောနေကျပဲဗျ"

ချိုချဉ်မ တွေးလိုက်သည် ။ အခုချိန်ဆို သူမ နောက်ကျနေ၍ အဘ

တံဖျာနဲ့ အိမ်ဝိုင်းပေါက် ထွက်စောင့် နေရော့မည်။

အဘ၏ အချစ်တော် နွားညိုသာ ပါမလာပါက သူမအဖို့ အဘ၏ ကြိမ်တံဖျာလက်၌ အသက်ထွက်ရုံ ရှိလိမ့်မည်။

ထို့ကြောင့် …

"ပြောဗျာ … ကျုပ် လုပ်ပေးနိုင်တာဆို လုပ်ကူပေးမယ် ကျုပ်နွားငညိုကိုသာ အမြန်ရှာပေး …"

နတ်ကတော်သရဲမ ဒေါ်အေးမိက ကျေနပ်စွာ ပြုံးလိုက်ရင်း … မိချိုချဉ်အနား တိုးကပ်ကာ …

"ဒီလိုအေ့ … ကျုပ် လူ့ဘဝတုန်းက မစားရက် မသောက်ရက်နဲ့ စုဆောင်းထားတဲ့ ရွှေတိုင္ဂေစလေးတွေကို … တူ/တူမတွေ မသိအောင် ဝှက်ထားတာ ရှိတယ် … အဲဒီနေရာက … ×××××× … ."

ဒေါ်အေးမိ ပြောသမျှကို ချိုချဉ်မှ နားထောင်ကာ မှတ်သားပြီး ဒေါ်အေးမိ ခိုင်းသည့်အတိုင်း ဆောင်ရွက်ပေးပါမည်ဟု ကတိပေးလိုက်သည် ။

ထိုအခါမှ နတ်ကတော်သရဲ ဒေါ်အေးမိက နွားညိုကို ချိုချဉ်မ ကစားသော မယ်ဇယ်ပင်တန်းသို့ ပို့ထားပြီးဖြစ်ကြောင်း ပြန်လို့ ရပြီဟု အခွင့်ပေး လိုက်လေသည် ။

မိချိုချဉ်လည်း ပြန်လို့ ရသည် နှင့် ထိုနေရာမှ သုတ်ခြေတင်ကာ နွားညိုရှိရာ မယ်ဇယ်ပင်တန်းသို့ ထွက်သွားလေ၏။

မိချိုချဉ်သည် သူမနှင့် နတ်ကတော်သရဲမ ဒေါ်အေးမိ စကားပြောနေသည် ကို တအံ့တသြ စောင့်ကြည့်နေသူ တစ်စုအား သတိမထားမိချေ။

ထိုအုပ်စုကတော့ ... အရက်သမားသရဲ အေးငွေဆယ်အိမ်ခေါင်းသရဲ ဦးထွန်း စပါးပွဲစားသရဲ မြင့်ဆွေနှင့် ဘုရားလူကြီး ဂေါပကသရဲ ဘကြီးဖေပင် ဖြစ်၏။

သရဲလေးကောင်သည် မိချိုချဉ်နှင့် နတ်ကတော်သရဲမ အေးမိ စကားပြောရသည် ကို ကြည့်၍ သူတို့ သရဲလေးကောင် ခေါင်းချင်းဆိုင်ကာ ကြည့်လိုက်ကြသည် ။

ထိုအကြည့်ကတော့ ... "ဘယ်လိုလဲ" ဆိုသည့် သဘောပင် ဖြစ်လေ၏။

အဓိပ္ပာယ်ကတော့ ... သူတို့ သရဲလေးကောင် သည် လည်း သရဲတစ္ဆေ ပရလောကတွင် အနေအစား ချောင်ချင်သည် ပဲပေါ့နော် ...။

***